
သင့်မဲ • သင့်အသံ • သင့်အနာဂတ်

# ၂၀၂၀ ပထမအကြိမ် မဲပေးမည့် လူငယ်များ



## ဒီမိုကရေစီကို လေ့လာဖို့ ဒို့တွေအားလုံးဖတ်ကြစို့



တစ်နေ့သော. . .
သာယာသည့် စနေနေ့
မှာတော့ လှတောရွာ
တစ်ရွာတွင် ရွာသားများ
စုရုန်းစုရုန်းနှင့် တစ်နေရာသို့
သွားရောက်ရန်
ပြင်ဆင်နေကြသည်။
၁



ရန်ရန်ဟုခေါ်သည့် လူငယ်လေးတစ်ယောက်သည် ပြာယာခတ်ပြီး တစ်အိမ်တက် တစ်အိမ်ဆင်းနှင့်
အလုပ်ရှုပ်နေတော့သည် - အကြောင်းမှာရွာထဲတွင် ကျေးရွာခေါင်းဆောင် ကျေးရွာအုပ်ချုပ်ရေးမှူး
ရွေးချယ်ရန် လာရောက် မဲပေးဖို့အတွက်
ရပ်ရွာခေါင်းဆောင်များအား
ကူညီနေသော ရပ်ရေးရွာရေးမှာ
တက်ကြွစွာပါဝင်တတ်သည့်
လူငယ်လေး ဖြစ်သည်။
၂


ယခုလို ရန်ရန်တစ်ယောက် အလုပ်များနေသည်ကို မလှမ်းမကမ်းကနေမြင်ရသော ရန်ရန်၏သူငယ်ချင်း များက ရန်ရန်တစ်ယောက် ဘာတွေအလုပ်ရှုပ်နေသည်ကို စိတ်ဝင်စားလာကြသည်။
ရန်ရန်၏ သူငယ်ချင်းများမှာ အိအိ. . အောင်အောင်. . နန်းနှင့် စန်းစန်း တို့ဖြစ်ကြသည်။ သူတို့အားလုံး မှာ အထက်တန်း ကျောင်းသား ကျောင်းသူများ ဖြစ်ကြသည်။
၃


ရန်ရန်၏ အသက်မှာ (၁၇)နှစ် ဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် ဒီမိုကရေစီကို စိတ်ပါဝင်စားသူတစ်ဦး ဖြစ်သည်။ရန်ရန်မှာ စာဖတ်ရသည်ကို ကြိုက်နှစ်သက်သူတစ်ဦးဖြစ်ပြီး ရပ်ရွာ အကျိုးကိုလိုလားသူရပ်ရွာအရေးကိစ္စ များတွင် တက်ကြွစွာပါဝင်တက်ပြီး ကူညီတက်သူတစ်ဦးဖြစ်သည်။
အောင်အောင်က ၂၀၁၅ရွေးကောက်ပွဲအကြောင်းကို တစ်စွန်းတစ်ဆ သိရှိပြီး လူငယ်ပီပီ ဖေ့စ်ဘွတ်မှာလူတွေမဲပေး မှင်တို့ပြီး လက်သန်းတွေကိုပြ၍ ဓါတ်ပုံရိုက်ကြတာ သတိထားမိသည်။ သို့ပေမယ့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲများအကြောင်းကိုတော့ သိရှိပုံမရပါ။


စန်းစန်းသည်လည်း ဒီမိုကရေစီနှင့် ရွေးကောက်ပွဲ အကြောင်းကို တစ်စွန်းတစ်စမျှ သိရှိထားခြင်းမရှိပါ။ နန်းမှာလည်း ထိုနည်းတူစွာဖြစ်သည် ရန်ရန်၏ သူငယ်ချင်းများ ၎င်းထံသို့ လာနေသည်ကို ရန်ရန်တစ်ယောက် မြင်လိုက်သောအခါ။
ဟေး သူငယ်ချင်းတို့ ဘယ်သွားမလို့ တုန်းဟ
၅



အောင်အောင်နှင့် သူငယ်ချင်းတစ်စုတို့က နင့်ဆီကိုလာတာပဲဟော့လို့ ပြောလိုက်သည်။
ဒါနဲ့ ငါတို့ သိချင်တာက နင် ဘာတွေအလုပ်ရှုပ်နေ တာတုန်း။
ပြီးတော့ ရွာထဲမှာ လူတွေရုပ်စုရုပ်စုနဲ့ ငါတို့လည်း သိချင်လို့ စပ်စုကြည့်တာ။
သူတို့တွေ ဘယ်ကို သွားပြီး ဘာတွေလုပ်မလို့ လဲဟင် ငါတို့လည်းသိချင်လို့ပါ နင်သိရင်ပြောပြပါလား။
၆


သူတို့ပွဲရှိလို့ တစ်နေရာရာကို
သွားကြမလို့လားဟဲ့ ငါတို့ကိုလည်း
ပြောဦးနော် ငါတို့ကမနောဆိုကြိုက်တယ်
ဟား ဟား ဟား
ဟုတ်တယ်
သူတို့တွေပွဲ
သွားကြမလို့
အင်...
ဘာပွဲလည်း
ပွဲတော့ပွဲပဲ ဒါပေမယ့်---
မနောပွဲတော့မဟုတ်ဘူး
ဟား ဟား ဟား
၇


သူတို့က ငါတို့ကျေးရွာကို
ဦးဆောင်ဦးရွက်လုပ်မယ့် ခေါင်းဆောင်ကို
ရွေးချယ်နိုင်ဖို့အတွက် မဲသွားပေး
ကြမလို့
ဪ..
ဟုတ်လား
ဒီမိုကရေစီ
ဆိုတာက
ပြည်သူလူထုက
ကိုယ့်ရပ်ရွာရဲ့ အကောင်းအဆိုး
မှန်သမျှကို
မိမိတို့ကိုယ်တိုင်
သတ်မှတ်ဆုံးဖြတ်ကြတာကို
ဆိုလိုတယ်
မင်းတို့ရော
ဒီမိုကရေစီကို ဘယ်လို
နားလည်ကြသလည်း
၈



ဒီမိုကရေစီဆိုတာ မဲပေးတာက
တစ်ပိုင်း ဒီထက်တော့ပိုသေးတယ်
သူငယ်ချင်းတို့ရဲ့ ပြီးတော့. . . .
ကိုယ်ကိုယ်တိုင်ရဲ့ အခွင့်အရေးနဲ့
တာဝန်တွေကို ကောင်းစွာသိရှိ
နားလည်ဖို့လည်း လိုအပ်တယ်
သူငယ်ချင်းတို့ရဲ့ . . . .
ဦးသမာဓိကတော့
စိတ်ရင်းကောင်းပြီး မျှမျှတတ
ရှိပုံရတယ်
အပေါ်ယံကိုကြည့်ပြီး
ရွေးလိုက်လို့ ဒုက္ခပေးတဲ့လူ
ဖြစ်နေမှ ခက်မယ်
၉


အောင်အောင်သက်ပြင်းချပြီး
ဟင်း. . . ငါကတော့
သေသေချာချာသိပ်မသိဘူး. . .
ဒါပေမယ့်
မဲပေးရွေးချယ်
ကြတာကိုတော့
သိလိုက်တယ်
ဖေ့စ်ဘွတ်ပေါ်မှာလေ
မဲပေးပြီးတဲ့သူတိုင်း
လက်သန်းလေးတွေထောင်ပြီး
ရိုက်ကြတာလေ
ဟင်း. . . ငါကတော့
တစ်ခါမှ မဲမပေးဘူးဘူး
ရန်ရန်
၁၀


နင်ပြောတော့ ဆုံးဖြတ်ချက်တွေ ချမှတ်တော့မယ် ဆိုရင်. . များသဘော တူညီမှုနဲ့ လုပ်တာဆို. . နင်ပြောတာ အများကြီးဖြစ်ကုန်ပြီ။
ကောင်းပြီး ဒါဆို. . . ငါတို့လည်း ရွာသားတွေနဲ့အတူ မဲသွားပေးကြမယ်
နေကြပါဦးဟ
နင်တို့က အရမ်းရိုးရှိတာ ပဲနော်
ဘာလို့လဲ
၁၁



နင်တို့သိလား မဲပေးတယ်ဆိုတာ အသက်(၁၈)နှစ်ပြည့်ဖို့လိုတယ် ၂၀၂၀ ရွေးကောက်ပွဲမှာ ငါတို့အားလုံး အသက် (၁၈)နှစ် ပြည့်ကြပြီလေအဲ့ဒီ အခါကျရင် ငါတို့တွေငါတို့ကို ကိုယ်စားပြုမယ့် ကိုယ်စားလှယ်တွေကို
ပါဝင်မဲပေးပြီးတော့ ရွေးချယ်လို့ရပြီလေ။
ဒါပေမယ့် နင်တို့အရေးကြီးဆုံးအချက်ကို နင်တို့သိပြီးပြီလား ငါတို့ကအသက်၁၈နှစ်ပြည့် လို့ ဆန္ဒမဲပေးတော့မယ် ဆိုရင် ငါတို့ရဲ့နံမည် တွေ မဲစာရင်းမှာပါဖို့အရမ်းအရေးကြီးတယ်နော်။ ငါတို့ရဲ့နံမည်တွေ မဲစာရင်းမှာ ပါ/မပါကို သိအောင်လို့ ငါတို့နေထိုင်တဲ့ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးတွေမှာ သွားကြည့်ရမှာနော်..... မေ့လို့မဖြစ်ဘူးဟ...
ပြီးတော့ ငါတို့ရပ်ရွာအတွင်းမှာ လုပ်တဲ့အစည်းအဝေးပွဲတွေ ဆုံးဖြတ်ချက်ချမှတ်တဲ့အခါ မျိုးတွေမှာ ပါဝင်လို့ရပြီလေ။
ဟဲ့သမီး ဦးဟန်က ဒီလောက်သဘော ကောင်းတာသူ့ကို မဲဘာလို့မပေးတာလဲ။
သဘောတော့ ကောင်းပါတယ် သူကအသောက်အစားအပျော်အပါး အားလုံးမက်တာအမေရဲ့
၁၂



ဩော် . . အဲ့လိုရှိတာလား
ဒါပေမယ် ငါတို့က ပါဝင်ဖို့ဆိုရင် အရမ်းငယ်သေးတယ်ဟ
ဟာ.... မငယ်တော့ပါဘူး ငါတို့လူငယ်တွေမှာလဲ ငါတို့အခက်အခဲတွေ၊ ရင်ဆိုင်နေရတဲ့ ပြဿနာတွေကို ထုတ်ဖော်ခွင့်ရှိတာပဲလေ နင်တို့သိကြလား..
လက်ဘက်ရည်ဆိုင်၊စားသောက်ဆိုင်တို့တွင် မနားမနေအလုပ်လုပ်နေရခြင်းများမှကင်းဝေးကြပါစေ
၁၃


ပြီးခဲ့တဲ့ ၂၀၁၅ ရွေးကောက်ပွဲမှာ အနိုင်ရသွားတဲ့ ကိုယ်စားလှယ်တစ်ချို့ရဲ့ အသက်က (၂၅) စွန်းစွန်းပဲရှိသေးတာတဲ့။
မိန်းမရေ ငါတို့လွှတ်တော်ကိုယ်စားလှယ်က ငယ်ငယ်လေးဟ အသက်(၂၅)နှစ်ပဲရှိသေးတယ်။
ကျွန်မဆိုရင် သူ့အရွယ်မှာ ရှင်နဲ့ညားပြီး ကလေးနှစ်ယောက်တောင်ရနေပြီ။
နင်တို့ ငါတို့မှာလည်း ကိုယ်စားလှယ်လောင်းဖြစ်ဖို့အတွက် အခွင့်အရေးရှိတယ်ဟ
ဟေး. . . . . အဲ့လိုမျိုး. . . ရှိတယ်လား
ဟေး. . . . ဒါပေမယ့် မဲပေးပိုင်ခွင့်ရှိသူတစ်ဦးတော့ ဖြစ်ကိုဖြစ်ရမယ်ဟ
၁၄


ဒါပေမယ့် တစ်ခုတော့ရှိတယ် အခုလောလောဆယ် နင်တို့လုပ်ရမယ့် အပိုင်းက ဒီမိုကရေစီအကြောင်းကို လေ့လာသင်ယူရမယ်
ပြီးတော့ ရပ်ရွာတွေရဲ့ ဆုံးဖြတ်ချက် ချမှတ်တဲ့အခါတွေမှာ တက်ကြွစွာပါဝင်ရမယ်၊ ဒီမိုကရေစီမှာ အခွင့်အရေးနဲ့ တာဝန်ကဘာတွေလဲဆိုတာ ငါတို့အားလုံး လေ့လာထားရမယ်။
အမျိုးသမီးတွေလည်း အမျိုးသားတွေနဲ့တန်းတူ အခွင့်အရေး ရှိတာပဲလေ
ဟဲ့ ဟဲ့ နေဦးနေဦး ငါတစ်ခုမေးဦးမယ် ငါတို့ရဲ့သူငယ်ချင်း မေဦးလေ သူက မသန်စွမ်းသူတစ်ဦး ဖြစ်နေတော့ ငါတို့လိုမျိုး ၂၀၂၀ ရွေးကောက်ပွဲမှာ မဲပေးရွေးချယ်တာမျိုးတွေနဲ့ ငါတို့ ရပ်ကွက်မှာ ဆုံးဖြတ်ချက်ချမှတ်တဲ့ အခါမျိုးတွေမှာ
တို့နဲ့အတူ ပါဝင်လို့ရပ့ါမလား ရန်ရန်
၁၅


ရတာပေါ့ သူငယ်ချင်းရေ. . . . . . မေဦးက မသန်စွမ်းသူတစ်ဦးဖြစ်ပေမယ့်လည်း သူ့မှာလည်း ငါတို့ လိုမျိုးမဲပေးဖို့ အခွင့်အရေးရှိပြီးတော့ ငါတို့ရပ်ရွာအတွင်းမှာရှိတဲ့ ဆုံးဖြတ်ချက်ချတဲ့ နေရာမျိုးတွေမှာ ငါတို့နဲ့အတူ တက်ကြွစွာပါလို့ရတာပေါ့
ကြွပါခင်ဗျာ လွတ်လပ်စွာ ဆန္ဒပြုနိုင်ပါတယ်
အသည်းကြားက မဲတစ်ပြားအတွက်
သူငယ်ချင်းများအားလုံးဝိုင်းပြောကြသည်
ရန်ရန် နင်က ဒီမိုကရေစီနဲ့ ရွေးကောက်ပွဲတွေအကြောင်းကို တော်တော် လေ့လာထားတာပဲနော် . . . ဒါဆို ငါတို့ကိုယ်စား မဲပေး ပေးပါလား
အေး ဟုတ်တယ်. . . ဟုတ်တယ်
၁၆


ရန်ရန် သက်ပြင်းများချကာ
မဲပေးတယ်ဆိုတာ ကိုယ်စားမဲပေးလို့ မရဘူးဟ
ဟူး
ငါတို့အားလုံး ဒီမိုကရေစီ အကြောင်းကို ပိုမိုနားလည်ပြီးတော့ ငါတို့ရပ်ရွာအတွင်းမှာ တက်ကြွစွာ ပါဝင်ဖို့အတွက် ဒို့တွေအားလုံး အတူတူလေ့လာ ကြရအောင်လား . . .
၁၇


ပထမအကြိမ်
မဲပေးမည့်လူငယ်များ

ပထပအကြိၢ်
ဗ်ေဗးပည်ညှုဃၤ်မျး

